International Labour Organization

# ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများအတွက် အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ ဘဝတွက်တာကျွမ်းကျင်မှု အထောက်အကူပြု အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်

## အခန်းကြီး – ၂။ ဘဝနှင့်သက်ဆိုင်သော အခွင့်အရေးများ

ပြင်သစ်ယဉ်ကျေးမှုဌာန၊ IPSOS Global (ပြည်သူ့သဘောထားစစ်တမ်းဌာနကဏ္ဍ)ရဲ့ လေ့လာချက်များအရ ကမ္ဘာတစ်ဝှမ်းရှိ ၅၆%သော နိုင်ငံသားတွေကသာ လူ့အခွင့်အရေးကို နားလည်သဘောပေါက်ကြပါတယ်။

အရမ်းကို အံ့ဩဖို့ကောင်းပါတယ်! အရမ်းကို တုန်လှုပ်သွားစေပါတယ်!

သင်ရော လူ့အခွင့်အရေးတွေကို သိရှိနားလည်ပါသလား။ အခွင့်အရေးဆိုတာ အကြွင်းမဲ့အသုံးပြုရတာမျိုးလား ဒါမှမဟုတ် ဆက်စပ်မှုရှိမှသာ အသုံးပြုရမှာလား။

ဒီသင်ခန်းစာက အခြေခံကျတဲ့ လွတ်လပ်မှုတွေကို နားလည်သဘောပေါက်စေပြီး ကမ္ဘာကြီးနဲ့ သင့်ရဲ့ဖြစ်တည်မှုကို ပုံဖော်ပေးပါလိမ့်မယ်။

စကြစို့။



© အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့် ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းများ) ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု–** အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများအတွက် အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ ဘဝတွက်တာကျွမ်းကျင်မှုအထောက်အကူပြု အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်**၊ ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ “ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို **ILO** မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ **ILO** ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် **ILO** တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ “ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံး အဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220399279 (print); 9789220399286 (web PDF)
**Also available in Myanmar:** *E-learning programme on rights, responsibilities and representation for children, youth and families (3Rs)*
ISBN: 9789220399255 (print); 978922039962 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – လက်သီးဆုပ်များ© Shutterstock
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

## ကျေးဇူးတင်လွှာ

3Rs အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်ကို အိုင်အယ်လ်အိုမှ အကြံပေး ပုဂ္ဂိုလ် Busakorn Suriyasarn နှင့် ရဲရင့် တို့မှ အသေးစိတ် ပြင်ဆင်ထားပါသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ စောဆာကပေါ၊ နော်မူးမူးဆိုး၊ ခွန်ဆာမွန်းထွယ်၊ လဲ့ကေခိုင် နှင့် ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ) တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏ စီမံချက်ဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမား လျှော့ချရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံး ကလေးအလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)’’ (RAS/19/07/JPN) ရန်ပုံငွေ ပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်’’ (ARC)’’ (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံအစိုးရ၊ Foreign Commonwealth and Development Office (FCDO) တို့မှ ပူးပေါင်းထောက်ပံ့ထားပါသည်။ ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) ကပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အမှတ် IL–25263–14–75–K အရ “မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေး အစီအစဥ် (My–PEC)’’ (MMR/13/10/USA) တို့မှ ပူးပေါင်းထောက်ပံ့ထားပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျစာရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန် ဒေါ်လာ ၉,၁၅၀,၀၀၀ ရှိပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့် ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်း မဟုတ်ပါ။

# အကြောင်းအရာများ

**သင်ခန်းစာ ၁**

ဤနေရာမှ စတင်ပါ။ ........ ၁

**သင်ခန်းစာ ၂**

သင်ခန်းစာ ရည်ရွယ်ချက်များ ........ ၃

**သင်ခန်းစာ ၃**

လူ့အခွင့်အရေးကို လေးစားလိုက်နာပါ ........ ၄

**သင်ခန်းစာ ၄**

ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်ခြင်း ........ ၁၀

**သင်ခန်းစာ ၅**

အခွင့်အရေးနှင့်တာဝန်ဝတ္တရားများကို ဟန်ချက်ညီစေခြင်း ........ ၁၅

**သင်ခန်းစာ ၆**

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း ........ ၂၁

**သင်ခန်းစာ ၇**

အနှစ်ချုပ် ........ ၂၄

**နောက်ဆက်တွဲ အဖြေများ** ........ ၂၆

သင်ခန်းစာ ၁/၇

# ဤနေရာမှစတင်ပါ။

ကျွန်ုပ်တို့ရဲ့ လူ့အခွင့်အရေးတွေက ဘာတွေလဲ။ ဒီအရာတွေက ဘယ်ကနေလာတာလဲ။
ဘာကြောင့်အရေးကြီးတာလဲ။

မိုဟာမက်၊ နီးနီးနဲ့ ဖိုးဝတို့က အခွင့်အရေးနဲ့ တာဝန်ယူမှုတွေအကြောင်းကို ဆွေးနွေးထားကြပါတယ်။






**လူ့အခွင့်အရေးဆိုသည်မှာ ဆောင်ပုဒ်တခုအနေဖြင့်သာမက အားလုံးအတွက်လက်တွေ့ကျသည့်အရာဖြစ်ကြောင်း သင်ဘယ်လိုသိနိုင်ပါသလဲ။**

သင်ခန်းစာ ၂/၇

## သင်ခန်းစာရည်ရွယ်ချက်များ

လူ့အခွင့်အရေးအတွက်တောင်းဆိုချက်ဟာ အတော် ခရီးပေါက်ခဲ့ပါပြီ။ သို့သော်လည်း လူအများအတွက် အိပ်မက်တစ်ခုအသွင်ဖြစ်နေဆဲပါ။ လူ့အခွင့်အရေးကို လက်တွေ့ကျကျ ခံစားနိုင်စေဖို့ လူ့အခွင့်အရေးနှင့်သက်ဆိုင်တဲ့ အဓိက အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်ထားသင့်ပါတယ်။



ယခု သင်ခန်းစာက သင့်ကို  အောက်ပါအတိုင်း ကူညီပေးပါလိမ့်မယ်။

- သင့်ကိုယ်ပိုင်အခွင့်အရေးနှင့် အခြားသူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုတန်ဖိုးထားတတ်စေရန်။
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကို နားလည်သိရှိစေရန်။
- အခွင့်အရေးနှင့် တာဝန်ယူမှုများကြား ဆက်စပ်မှုကို နားလည်သဘောပေါက်စေရန်။

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။**

သင်ခန်းစာ ၃/၇

# ▶ လူ့အခွင့်အရေးကိုလေးစားလိုက်နာပါ။

သင် လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကို ကြားဖူးမှာပါ။ ဒါပေမယ့် လူ့အခွင့်အရေးဆိုတာဘာလဲ၊ ဘာကြောင့်အရေးကြီးသလဲဆိုတာ သိပါသလား။ သင်ခန်းစာ မစတင်မီ သင့်အနေနဲ့ အောက်ပါအကြောင်းအရာတွေထဲမှာ ဘယ်အရာတွေက အမှန်တကယ် လူ့အခွင့်အရေးဖြစ်တယ်၊ မဖြစ်ဘူး နှင့် ဘာတွေ ခြားနားနေသလဲ ဆိုတာကို ပြောပြပေးပါ။

အောက်ဖော်ပြပါများထဲမှ မည်သည့်အရာတွေက အမှန်တကယ်လူ့အခွင့်အရေးဖြစ်ပါသလဲ။

အခွင့်အရေးအမျိုးအစားအမျိုးမျိုးကို မှန်ကန်သော ဇယားကွက်တွင် အမှန်ခြစ်ပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

| အခွင့်အရေးအမျိုးအစားများ | လူ့အခွင့်အရေး | လူ့အခွင့်အရေးမဟုတ်ပါ။ |
| --- | --- | --- |
| ပညာသင်ကြားခွင့် | | |
| အကြမ်းဖက်ပိုင်ခွင့် | | |
| သူတစ်ပါးကို ညှင်းပန်းနှိပ်စက်ပိုင်ခွင့် | | |
| တရားမျှတသော လုပ်ငန်းခွင်အခြေအနေများ ရရှိပိုင်ခွင့် | | |
| အိမ်ထောင်ရေးနှင့် မိသားစုဖန်တီးနိုင်ခွင့် | | |
| လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် | | |
| အိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်ခွင့် | | |
| တန်းတူညီမျှအခွင့်အရေး | | |
| ကားပိုင်ဆိုင်ခွင့် | | |
| အရက်သောက်ပိုင်ခွင့် | | |



**လူ့အခွင့်အရေးဆိုတာ ဘယ်အချိန်က ဘယ်လိုပေါ်ပေါက်လာတယ်ဆိုတာ စဉ်းစားဖူးပါသလား။ နိုင်ငံသားများအတွက် တရားမျှတမှုနဲ့ ဥပဒေစနစ်တွေက (၁၈) ရာစုကတည်းက တည်ရှိနေခဲ့ပါတယ်။ ဒါဆို ဘာကြောင့် ကုလသမဂ္ဂ (UN) ကို ဖွဲ့စည်းရန်လိုအပ်ပါသလဲ။**



ကုလသမဂ္ဂအထွေထွေညီလာခံ။ © shutterstock

ကမ္ဘာစစ် နှစ်ခု (၁၉၁၄ – ၁၉၁၈ နှင့် ၁၉၃၉ – ၁၉၄၅) အတွင်း နိုင်ငံတွေဟာ ပျက်စီးယိုယွင်းနေပြီး ကမ္ဘာကြီးက ငြိမ်းချမ်းရေးနှင့် ကာကွယ်ရေးကို လိုလားခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးလုပ်ငန်းများ ထူထောင်မြှင့်တင်ရန်အတွက် ကုလသမဂ္ဂကို တည်ထောင်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်မှာ ကုလသမဂ္ဂ အထွေထွေညီလာခံက လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို သဘောတူလက်ခံခဲ့ပြီး တရားဥပဒေစိုးမိုးမှုအောက်တွင် လူသားအားလုံးကို အကာအကွယ်ပေးနိုင်ရန် စံသတ်မှတ်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ရှိ အခွင့်အရေးများ အကျဉ်းချုပ်ကိုသိရှိရန် အောက်ပါ ဇယားကွက်များကို ဖတ်ပါ။



### အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံခွင့်

အသက်ရှင်ခွင့်ဆိုတာ အခြေခံအကျဆုံး လူ့အခွင့်အရေးများထဲမှ တစ်ခုဖြစ်ပါတယ်။ အသက်ရှင်နေထိုင်ခွင့်ရရှိခြင်း ၊ အထူးသဖြင့် "လူတစ်ဦးတစ်ယောက်ကြောင့် – ဥပမာ စစ်ပွဲ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခအတွင်း၊ ရာဇဝတ်မှု တစ်ခုခုမှာ သို့မဟုတ် တရားဥပဒေစိုးမိုးရေး" ဆောင်ရွက်သူများကြောင့် – သေဆုံးခြင်း သို့မဟုတ် ထိခိုက်နစ်နာခြင်း မရှိစေရလို့ အဓိပ္ပာယ်ရပါတယ်။ လူ့အသက်ကို သတ်ဖြတ်ခြင်းဖြစ်စေ၊ သတ်ဖြတ်ခြင်းသာမက လူမှုစီးပွားဘဝပျက်ပြားစေခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ဥပမာ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမမီခြင်းဖြင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်ခြင်းတို့ကြောင့်လည်း နိုင်ငံသားတစ်ဦးချင်းစီ၏ အသက်ရှင်ခွင့်ကို ချိုးဖောက်ခြင်းမရှိစေရန် အစိုးရက အသေအချာ ဆောင်ရွက်ရပါမယ်။



### နိုင်ငံသားဖြစ်ခွင့်

နိုင်ငံသားဖြစ်ခွင့် သို့မဟုတ် ပြောင်းလဲပိုင်ခွင့်ကို မည်သူကမှ ငြင်းဆိုခြင်းမလုပ်ရဟု ဖော်ပြထားပါတယ်။ နိုင်ငံသားမဖြစ်လျှင် လူတစ်ဦးတစ်ယောက်အနေဖြင့် နိုင်ငံမဲ့ဖြစ်သွားပြီး နိုင်ငံတစ်နိုင်ငံ၏ တရားဝင်နိုင်ငံသား အခွင့်အရေးများစွာကို ဆုံးရှုံးရမှာ ဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးများ ချိုးဖောက်ခံရခြင်းကြောင့် ကျောင်းတက်ခြင်း၊ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိခြင်း၊ မဲပေးခြင်း၊ အိမ်ရာပိုင်ဆိုင်ခြင်း၊ ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများစတဲ့ လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ပါဝင်လာနိုင်စေဖို့ အခွင့်အလမ်းတွေကို ငြင်းပယ်ခံရ စေနိုင်ပါတယ်။ အဆိုပါ ပုဂ္ဂိုလ်များဟာ တရားမဝင် ဝင်ရောက်မှုနဲ့ အာဏာပိုင်များရဲ့ နှောင့်ယှက်မှုများကြောင့်လည်း ဖမ်းဆီးခံရနိုင်ခြေ ရှိပါတယ်။



### ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်ဆိုသည်မှာ အထူးသဖြင့် ကလေးများအတွက် အခြေခံအခွင့်အရေး ဖြစ်ပါတယ်။ မည်သူပင်ဖြစ်စေ မည်သည့်နေရာတွင် မွေးဖွားသည်ဖြစ်စေ ကလေးများအားလုံးဟာ ၎င်းတို့ရဲ့ကိုယ်ရေးကိုယ်တာနဲ့ လူမှုဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ ပညာရေးကို တန်းတူညီမျှစွာ သင်ကြားခွင့်ရှိပါတယ်။



### အများပြည်သူနှင့်ဆိုင်သည့် ဝန်ဆောင်မှုများကို တန်းတူညီမျှရရှိရေး

ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် အများပြည်သူနဲ့သက်ဆိုင်တဲ့ အခြေခံအဆောက်အဦး ၊ လမ်းများ၊ လျှပ်စစ်နှင့် ရေကဲ့သို့သော ဝန်ဆောင်မှုများကို  လူတိုင်းရရှိနိုင်ရမယ်ဆိုပြီး  ဖော်ပြထားပါတယ်။

## လုပ်ငန်းခွင်အခြေအနေနှင့် အလုပ်လုပ်ပိုင်ခွင့်



တရားဝင် အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အရွယ်ရှိသူတိုင်းဟာ မျှတတဲ့ လုပ်ခလစာ၊ အလုပ်ချိန်ထက် ပိုမိုခိုင်းစေမှု မရှိခြင်း၊ လုပ်ငန်းတစ်ခုစတင်ရန် ခွဲခြားဆက်ဆံမှုမရှိဘဲ အလုပ်ရရှိနိုင်ရန် တူညီသောအခွင့်အရေးများ အပါအဝင် တရားမျှတပြီး ဘေးကင်းလုံခြုံတဲ့ လုပ်ငန်းခွင်အခြေအနေမှာ လုပ်ကိုင်ခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ သို့သော် ကလေးအလုပ်သမားများနဲ့ အဓမ္မလုပ်အားပေးခိုင်းစေခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ လက်မခံရပါ။

## ကျွန်ပြုခံရခြင်းမှ လွတ်မြောက်ခွင့်



ကျွန်ပြုခံရခြင်း (သို့မဟုတ်) ကျွန်ပြုခံရတဲ့ အခြေအနေပုံစံများမှာ မည်သူမျှ အလုပ်လုပ်ခွင့် မရှိစေရဆိုပြီး ဖော်ပြထားပါတယ်။ ဥပမာအားဖြင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ အကြွေးကျွန်ခံခိုင်းခြင်း၊ မိမိဆန္ဒသဘောထားမပါဘဲ အတင်းအကျပ်စေခိုင်းခြင်း၊ အကျဉ်းချခံရခြင်း (ဥပမာ) အိမ်အကူအလုပ်သမားများအား အလုပ်ရှင်၏အိမ်မှ ထွက်ခွာခွင့်မပြုခြင်း၊ လိင်ကျွန်အဖြစ် အဓမ္မပြုခြင်း၊ ကလေးသူငယ်များကို ကလေးစစ်သား သို့မဟုတ် ပေါ်တာအဖြစ် အဓမ္မခိုင်းစေခြင်းတို့ ဖြစ်ပါတယ်။

## တန်းတူညီမျှမှု အခွင့်အရေး



လူတိုင်းလူတိုင်းဟာ လူမျိုး၊ အသားအရောင်၊ လိင်၊ အသက်၊ ဘာသာရေး၊ နိုင်ငံရေးအမြင်၊ လူမှုစီးပွားအဆင့်အတန်း သို့မဟုတ် လူမှုရေးဇစ်မြစ်အပေါ်အခြေခံပြီး ခွဲခြားဆက်ဆံမှုမရှိ၊ ချုန်လှပ်ခံရခြင်းမရှိ၊ မည်သူ့ကိုမှ ဦးစားပေးခြင်းမရှိဘဲ တန်းတူအခွင့်အရေးပေးကာ ဆက်ဆံခြင်းတို့ကို တန်းတူညီမျှအခွင့်အရေးဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဥပမာ – ပညာသင်ကြားရေးမှာ မိန်းကလေးနဲ့ ယောကျ်ားလေး တန်းတူအခွင့်အရေးရှိခြင်း၊ လုပ်ငန်းခွင်များမှာ အမျိုးသားနဲ့ အမျိုးသမီးများအတွက် တန်းတူညီမျှအခွင့်အရေးများ ရှိခြင်း၊ လူတိုင်းအတွက် တန်းတူညီမျှ အခွင့်အလမ်းများနှင့် ဆက်ဆံခံရမှုများကို ဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်း။

## လွတ်လပ်စွာ သွားလာပိုင်ခွင့်



လူတိုင်းလူတိုင်းဟာ လွတ်လပ်စွာ ခရီးသွားလာပိုင်ခွင့် ရှိသင့်တယ်လို့ ဖော်ပြထားပါတယ်။ သို့သော် အချို့သောနိုင်ငံတွေမှာ ခရီးသွားလာခွင့်ကို  တစ်ခါတစ်ရံမှာ တစ်ချို့သောသူတွေကို ငြင်းပယ်လေ့ရှိပါတယ်။ ဥပမာ တစ်ချို့သောနိုင်ငံများမှာ ရွှေ့ပြောင်းအလုပ်သမားများ လွတ်လပ်စွာသွားလာခွင့် မရှိပါ။ ထိုအချက်ဟာ နိုင်ငံတကာဥပဒေနဲ့ ဆန့်ကျင်လျှက်ရှိပါတယ်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်



လူတစ်ဦးချင်းစီမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိသင့်တယ်လို့ ဖော်ပြထားပါတယ်။ တချို့နိုင်ငံတွေမှာ ပြည်သူများက အစိုးရ (သို့မဟုတ်) အလုပ်ရှင်ကို ဝေဖန်ခွင့်မရှိကြပါဘူး။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ ကလေးတွေဟာ မိဘများနှင့် အိမ်ထောင်ဖက်ရွေးချယ်ခြင်း၊ လိင်စိတ်တိမ်းညွတ်မှု သို့မဟုတ် ကျားမခွဲခြားခြင်း စသည့် ပြဿနာများစွာကို လွတ်လပ်စွာ ဆွေးနွေးနိုင်ခြင်း မရှိကြပါဘူး။ ဘာသာတရား သို့မဟုတ် ကိုးကွယ်ယုံကြည်မှုတစ်ခုကို လွတ်လပ်စွာ ရွေးချယ်ကျင့်သုံးခွင့်ဟာလည်း ဒီအခွင့်အရေးအောက်မှာ ပါရှိနေပါတယ်။



## လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့် (သို့မဟုတ်) အဖွဲ့ဝင်ပိုင်ခွင့်

လူတိုင်းလူတိုင်းဟာ အဖွဲ့အစည်း ဖွဲ့စည်းပိုင်ခွင့် သို့မဟုတ် အဖွဲ့ဝင်အဖြစ် ပါဝင်ပိုင်ခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ နိုင်ငံအများစုမှာ ရပ်ရွာအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များ၊ ကျောင်းများတွင်ဖွဲ့စည်းထားတဲ့ မိဘအဖွဲ့များ၊ အားကစားအသင်းများ၊ ဘာသာရေးအဖွဲ့များ၊ ငွေစုငွေချေးအဖွဲ့များ၊ သမဝါယမအသင်းများ၊ နိုင်ငံရေးပါတီများကဲ့သို့သော ယဉ်ကျေးမှု၊ လူမှုရေး၊ သို့မဟုတ် နိုင်ငံရေးအုပ်စု အသင်းအဖွဲ့များစွာ ရှိပါတယ်။ အလုပ်သမားသမဂ္ဂများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းတွေမှာ ပါဝင်ခြင်းက ပုံမှန်ဖြစ်ပြီး  လူမှုဖွံ့ဖြိုးတိုးတက်ရေး၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါတယ်။


လူထုစုဝေးပွဲ၊ မြန်မာ။ © Shutterstock

**လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ကုလသမဂ္ဂတစ်ခုထဲတွင် တာဝန်ရှိသည် မဟုတ်ပါ။**
**အစိုးရများက နိုင်ငံသားတိုင်းရဲ့ လူ့အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ပေးရပါမယ်။ သို့သော် နိုင်ငံသားအားလုံးကို ကာကွယ်ရန် အမြဲတမ်းမဖြစ်နိုင်ပါ။ ထို့ကြောင့် နိုင်ငံသားတိုင်းက မိမိတို့ရဲ့အခွင့်အရေးများကို သိရှိထားရမှာပါ။**

အစိုးရများရဲ့ နိုင်ငံသားတွေမှာ ရရှိသင့်တဲ့ လူ့အခွင့်အရေးဆိုင်ရာ တာဝန်မှာ –

- **လေးစားခြင်း** – လူသားများ၏ စွမ်းရည်ကို အသိအမှတ်ပြုခြင်း။
- **အကာအကွယ်ပေးခြင်း** – လူတစ်ဦးတစ်ယောက်အား အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ခြင်း။
- **ဖြည့်ဆည်းပေးခြင်း** – အလားအလာကောင်းများရရှိစေရန် အကောင်းဆုံးအခြေအနေများကို ပေးဆောင်ခြင်း။


ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံထဲမှ လူများ၊ မြန်မာ။ © Shutterstock

လူ့အခွင့်အရေးဥပဒေတွေဟာ တစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့များကို အကာအကွယ်ပေးနိုင်ကာ နိုင်ငံများနှင့် ပြည်နယ်ခေါင်းဆောင်များ၏ အပြုအမူများကို ထိန်းညှိပေးပါတယ်။

လူ့အခွင့်အရေးကော်မရှင်များ၊ တရားရုံးများ၊ ပါလီမန်များ၊ မီဒီယာများ၊ အလုပ်သမားသမဂ္ဂများ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် အမျိုးမျိုးသော အဖွဲ့အစည်းတွေက နိုင်ငံတကာ၊ နိုင်ငံအတွင်း နှင့် ဒေသတွင်း လူ့အခွင့်အရေးများကို စောင့်ကြည့်လေ့လာကြပါတယ်။



## မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးအခြေအနေများကို ဘယ်လိုမြင်ပါသလဲ။

နိုင်ငံတိုင်းမှာ ရာဇသတ်ကြီးဥပဒေ၊ အလုပ်သမားဥပဒေ၊ နိုင်ငံသားဥပဒေနှင့် အခွင့်အရေးတွေကို သတ်မှတ်ပေးတဲ့ အစိုးရစည်းမျဉ်းများကဲ့သို့သော နိုင်ငံ့ဥပဒေတွေ ရှိကြပါတယ်။ အဆိုပါအခွင့်အရေးတွေက လိင်၊ လူမျိုး၊ မျိုးရိုး၊ ဘာသာ၊ အဆင့်အတန်းနဲ့ အခြားသော အကြောင်းအရင်းများ မခွဲခြားဘဲ နိုင်ငံတိုင်းရှိ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်နေပါတယ်။
လူ့အခွင့်အရေးဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးနဲ့ သက်ဆိုင်ပါတယ်။ မြန်မာနိုင်ငံက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်နေပါတယ်။

**မြန်မာနိုင်ငံသည် အောက်ပါပြဋ္ဌာန်းချက်များကဲ့သို့သော လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များစွာကို လက်မှတ်ရေးထိုးထားပါတယ်။**

- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပဋိညာဉ် (ICESCR)
- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ပြဋ္ဌာန်းချက် (CEDAW)
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် (UNCRC)
- လက်နက်ကိုင်ပဋိပက္ခတွင် ကလေးများ၏ ပါဝင်ပတ်သက်မှုနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် (OP-CRC-AC)
- ကလေးသူငယ်များကို ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးနှင့်ဆိုင်သည့် ညစ်ညမ်းရုပ်ပုံစာပေများ ရောင်းချခြင်းများဆိုင်ရာ ကလေးသူငယ်အခွင့်အရေး ပြဋ္ဌာန်းချက်
- မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် (CRPD)
- လူမျိုးရေးခွဲခြားမှုပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက် (ICERD)
- ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံး၏ အခွင့်အရေးများကို အကာအကွယ်ပေးရေး အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက် (ICRMW)
- နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR)

သင်ခန်းစာပြီးဆုံးသည်အထိ သင်ယူခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ နောက်ဆုံးပိုင်းကို ရောက်ရှိနေပါပြီ။

## အခွင့်အရေးများသည် လူကြီးများနှင့်သာ သက်ဆိုင်သည်သာမက ကလေးများနှင့်လည်း သက်ဆိုင်သည်ဟု ထင်ပါသလား။

သင်ခန်းစာ ၄/၇

# ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်ခြင်း



**အသက်အငယ်ဆုံးနိုင်ငံသားများဖြစ်သည့် ကလေးများ၏ သုခချမ်းသာကို မည်သည့်အခွင့်အရေးနှင့် ဥပဒေများက အကာအကွယ်ပေးနေသလဲဆိုတာ သင် တွေးဖူးပါသလား။**

ကလေးများကို ထွန်းလင်းတောက်ပဖို့ အခွင့်အရေးပေးသည့် ကမ္ဘာတစ်ခုကို စိတ်ကူးကြည့်ပါ။ အဲ့ဒါကတော့ ကလေးသူငယ်အခွင့်အရေးတွေပါပဲ။

လူငယ်များပိုင်ဆိုင်၍ ရပ်တန့်၍မရသော အံ့သြဖွယ်အခွင့်အရေးအချို့ကို လေ့လာပါ။



အမည်နှင့် နိုင်ငံသားဖြစ်ခွင့်



မိသားစု၏ ချစ်ခြင်းမေတ္တာနှင့် ပြုစုစောင့်ရှောက်ခွင့်ကို ရရှိခွင့်



လုံလောက်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ စားသုံးခွင့်



ပညာသင်ကြားခွင့်



ကျန်းမာရေးစောင့်ရှောက်မှု ရယူခွင့်



မိတ်ဆွေသူငယ်ချင်း ရွေးချယ်ခွင့်



အနားယူခြင်းနှင့် ကစားခွင့်



အလွဲသုံးစားလုပ်ခြင်း
ခေါင်းပုံဖြတ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများမှ
အကာအကွယ်ရပိုင်ခွင့်



မိမိအမြင်နှင့် ထင်မြင်ယူဆချက်များကို ဖော်ပြခွင့်



လိုအပ်သည့်အခါ အထူးစောင့်ရှောက်မှုနှင့်
အကူအညီများ ရပိုင်ခွင့်

**ကလေးသူငယ်အခွင့်အရေးတွေကို နိုင်ငံတကာဥပဒေရဲ့ ဘယ်အစိတ်အပိုင်းက အာမခံပေးလဲ သင်သိပါသလား။**

ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ်အခွင့်အရေးများကို ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက် (UNCRC) က ထောက်ခံထားပါတယ်။



မောင်းတံနှင့် မောင်းခွင်။ © Shutterstock

UNCRC ဟာ သမိုင်းတလျှောက်မှာ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ အကျယ်ပြန့်ဆုံး အတည်ပြုသော ပြဋ္ဌာန်းချက် သဘောတူစာချုပ် ဖြစ်ပါတယ်။ ပြဋ္ဌာန်းချက်ပါ အခြေခံမူများကို ၁၉၈၉ ခုနှစ် ဇူလိုင်လမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၆ နိုင်ငံမှ နိုင်ငံတကာ အသိုက်အဝန်းက လက်ခံသဘောတူခဲ့ကြပါတယ်။

## UNCRC ၏နိုင်ငံတကာ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ “ကလေးသူငယ်” ဖြစ်ကြောင်း ဘယ်လိုသတ်မှတ်ပါသလဲ။





စာသင်ခန်းတွင်းမှ ကလေးများ၊ မြန်မာ။ © Shutterstock

UNCRC ၏ အပြည်ပြည်ဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်အရ အကယ်၍ ပြည်တွင်းဥပဒေများသည် ကလေးသူငယ်အများစုအတွက် ပိုမို ငယ်ရွယ်သည့် အသက်အရွယ်ကို သတ်မှတ်ထားခြင်း မရှိပါက၊ အသက် ၁၈ နှစ်အောက်ရှိ ပုဂ္ဂိုလ်တိုင်းသည် ကလေးသူငယ်ဖြစ်သည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

UNCRC အနေနဲ့ ကလေးများအားလုံးဟာ ၎င်းတို့ရဲ့ လူမှုစီးပွားအခြေအနေ မည်သို့ပင်ရှိစေကာမူ တူညီသောအခွင့်အရေးများကို ရပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါတယ်။

ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံများ သို့မဟုတ် မိသားစုများမှာ အချို့သော ကလေးများရဲ့ အခွင့်အရေးတွေကို ချမ်းသာသောနိုင်ငံများ သို့မဟုတ် မိသားစုများတွင်ထက် ပိုမိုကန့်သတ်မှုတွေ ရှိနိုင်ကြပါတယ်။ သို့သော်လည်း ဆင်းရဲသောကလေးများက ချမ်းသာသောကလေးများထက် အခွင့်အရေးနည်းသည်ဟု မဆိုလိုပါ။



## UNCRC မှာ အဓိက အမျိုးအစား လေးခုဖြင့် အုပ်စုဖွဲ့ထားတဲ့ ပုဒ်မ ၅၄ ခု ရှိပါတယ်။

အမျိုးအစားလေးခု၏ အကျဉ်းချုပ်ခြုံငုံသုံးသပ်ချက်များကို အောက်ပါဇယားတွင်ကြည့်ပါ။

### ၁။ အသက်ရှင်ခွင့်

အောက်ပါအခွင့်အရေးတွေဟာ ကလေးတစ်ဦးရဲ့ ဖြစ်တည်မှုနှင့် အသက်ရှင်သန်ခွင့်အတွက် အခြေခံအကျဆုံးလိုအပ်ချက်များ ပါဝင်ပါတယ်။

ဥပမာအားဖြင့် –

- လုံလောက်သော လူနေမှုအဆင့်အတန်းကို ရပိုင်ခွင့်
- ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံလောက်သော အစားအစာ စားသုံးခွင့်
- ကျန်းမာရေးစောင့်ရှောက်ခွင့်တို့ ဖြစ်ပါတယ်။

### ၂။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများ

အောက်ပါအခွင့်အရေးတွေဟာ ကလေးများ၏စွမ်းရည်ကို အပြည့်အဝရရှိရန် လိုအပ်သောအခွင့်အရေးများဖြစ်သည်။

ဥပမာအားဖြင့် –

- ပညာသင်ကြားခွင့်
- ကစားခွင့်နှင့် အပန်းဖြေခွင့်
- ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ခွင့်
- သတင်းအချက်အလက်သိရှိပိုင်ခွင့်
- လွတ်လပ်စွာတွေးခေါ်ပိုင်ခွင့်
- ကြံဆပိုင်ခွင့်
- လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်တို့ ဖြစ်ပါတယ်။

### ၃။ မိမိကိုယ်ကိုယ် ကာကွယ်ပိုင်ခွင့်များ

အောက်ပါအခွင့်အရေးတွေဟာ ကလေးများကို အကာအကွယ်ပေးပါတယ်။

ဥပမာအားဖြင့် –

- အလွဲသုံးစားလုပ်မှု၊ လျစ်လျူရှုမှု၊ ခေါင်းပုံဖြတ်မှုတို့မှ အကာအကွယ်ရပိုင်ခွင့်
- အကြမ်းဖက်မှုမှ အကာအကွယ်ရပိုင်ခွင့်
- အန္တရာယ်ရှိသော ပစ္စည်းများမှ အကာအကွယ်ရပိုင်ခွင့်
- အန္တရာယ်ရှိသော အလုပ်မှ အကာအကွယ်ရပိုင်ခွင့်
- လက်နက်ကိုင်ပဋိပက္ခများအတွင်း အကာအကွယ်ရပိုင်ခွင့် စသည်တို့ဖြစ်သည်။

၄။ ပါဝင်ဆင်နွှဲခွင့်
အောက်ပါအခွင့်အရေးတွေဟာ ကလေးများကို ၎င်းတို့၏ရပ်ရွာများနှင့် နိုင်ငံကိစ္စရပ်များတွင် တက်ကြွစွာပါဝင်နိုင်စေပါတယ်။
ဥပမာအားဖြင့် –

- ထင်မြင်ယူဆချက်များကို ဖော်ပြပိုင်ခွင့်
- လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်
- ယဉ်ကျေးမှုနှင့်ဆိုင်သည့် လှုပ်ရှားမှုများတွင် ပါဝင်ခွင့်
- သတင်းအချက်အလက် သိရှိပိုင်ခွင့် တို့ဖြစ်ပါတယ်။

## လေ့လာမှုမှတ်တိုင်

အောက်ဖော်ပြပါအကြောင်းအရာများထဲမှ မည်သည့်အမျိုးအစားတွေက ကလေးသူငယ်အခွင့်အရေးတွေဖြစ်တယ်လို့ ထင်ပါသလဲ။

အောက်ဖော်ပြပါအချက်တွေထဲက အဖြေတစ်ခုကိုရွေးချယ်ပါ။ အဖြေကို တစ်ခုထက်ပိုပြီးလည်း ရွေးချယ်နိုင်ပါတယ်။
အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

- ☐ က အသက်ရှင်ခွင့်
- ☐ ခ ဖွံ့ဖြိုးတိုးတက်ခွင့်
- ☐ ဂ အလုပ်သမားအခွင့်အရေး
- ☐ ဃ အကာအကွယ်ရပိုင်ခွင့်
- ☐ င ပူးပေါင်းပါဝင်ခွင့်

သင်ခန်းစာတစ်ခု ထပ်မံပြီးဆုံးသွားပါပြီ။ သိသာတိုးတက်မှုတွေနဲ့ ဗဟုသုတတွေ ရရှိနေပြီလို့ ယုံကြည်ပါတယ်။

## အခွင့်အရေးများနဲ့ တာဝန်ဝတ္တရားတို့ရဲ့ ခြားနည်းချက်က ဘာတွေလဲ။

သင်ခန်းစာ ၅/၇

# ▶ အခွင့်အရေးနှင့်တာဝန်ဝတ္တရားများကို ဟန်ချက်ညီစေခြင်း

သင့်ရဲ့ အိမ်နီးချင်းမှာ ငယ်ငယ်ရွယ်ရွယ်အိမ်အကူတစ်ယောက်ကို အလုပ်ခန့်ထားတယ် ဆိုပါစို့။ သူ့လက်တွေမှာ ဒဏ်ရာတွေနဲ့ ဝမ်းနည်းနေတာကို သင်အမြဲမြင်နေရတယ်။

ဒီကိစ္စမှာ သင့်အနေနဲ့ အိမ်နီးချင်းရဲ့ အခွင့်အရေးကို ထောက်ခံအားပေးမှာလား။ အလုပ်သမားရဲ့ ဘဝနေထိုင်ခွင့်အခွင့်အရေးကို ထောက်ခံအားပေးမှာလား။



**တစ်ခါတစ်ရံ အခွင့်အရေးတစ်ခုကို ကျင့်သုံးခြင်းဟာ ကျွန်ုပ်တို့၏ကိုယ်ပိုင် အခွင့်အရေး သို့မဟုတ် အခြားသူများ၏အခွင့်အရေးနှင့် ကွဲလွဲပြီး ပဋိပက္ခဖြစ်နိုင်ပါတယ်။**

**ဒီလိုအခြေအနေမျိုးမှာ သင်ဘာလုပ်သင့်လဲ။**

အနီးကပ်ဆန်းစစ်မှု မပြုလုပ်မီ၊ အောက်ပါဇယားရှိ အခြေအနေအချို့ကို ကြည့်ပါက ဤအခြေအနေများအပေါ် သင်၏တုံ့ပြန်မှုကို တွေးဆပြီး လုပ်ဆောင်ချက်တစ်ခုစီကို ကိုယ်စားပြုခြင်းရှိ၊ မရှိ သုံးသပ်ပါ။ (၁)အခွင့်အရေးများ၊ (၂)တာဝန်ဝတ္တရားများ ၊ သို့မဟုတ် (၃)တစ်ခုမှ မဟုတ်ပါ အကွက်တွင်မှန်ကန်စွာထည့်ပါ။

သင့်အဖြေများကို မှန်ကန်သော အကွက်များတွင် အမှတ်အသားပြုပါ။

| တုန့်ပြန်မှုများ | အခွင့်အရေးများ | တာဝန်ဝတ္တရားများ | တစ်ခုမှမဟုတ်ပါ |
|---|---|---|---|
| သင့်ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုနိုင်ရန် တောင်းဆိုပါ။ | | | |
| တခြားသူတွေစကားပြောသောအခါ သူတို့ရဲ့အမြင်ကို နားထောင်ပါ။ | | | |
| သင်နှင့် သဘောထားမတိုက်ဆိုင်သူများ စကားပြောဆိုခြင်းကို ပိတ်ပင်တားဆီးပါ။ | | | |
| တခြားသူတွေကို ရှင်းရှင်းလင်းလင်း နဲ့ လေးစားစွာ ဆက်ဆံပါ။ | | | |
| ဘယ်အခြေအနေမှာမဆို ဘယ်သူ့ကိုမဆို သင်ပြောချင်တာကို ပြောပါ။ | | | |
| အများပြည်သူနှင့်ဆိုင်သော ဝန်ဆောင်မှုများကို တန်းတူညီမျှသုံးစွဲခွင့် တောင်းဆိုပါ။ | | | |
| တခြားသူတွေ မှားနေရင် ပြောပြပါ။ | | | |

အောက်ဖော်ပြပါဇယားကွက်သည် သင့်အတွက် စဉ်းစားစရာအချို့ကို တင်ပြထားသည်။ ဘယ်ဘက်ကော်လံရှိ ဇာတ်ညွှန်းတစ်ခုစီကို ကြည့်ရှုပြီး အခြေအနေများနှင့်ပတ်သက်၍ သင့်တုံ့ပြန်မှုများကို ခဏလောက်စဉ်းစားပါ။ ထို့နောက် အခြေအနေနှင့် သင့်လျော်သော တုံ့ပြန်မှုအတွက် ညာဖက်ကော်လံကို ကြည့်ပါ။ ဤလေ့ကျင့်ခန်းကို ပိုပြီးခန့်မှန်းနိုင်ရန်၊ အခြေအနေတစ်ခုစီကို စဉ်းစားနေစဉ်တွင် မှန်ကန်သောတုံ့ပြန်မှုများကို ဖုံးကွယ်ထားရန်လိုပေမည်။

မိဘတစ်ယောက်ဖြစ်လာချိန်မှာ  သင့်မွေးကင်းစကလေးငယ်ရဲ့ အခွင့်အရေးအတွက် သင့်တာဝန်က ဘာတွေဖြစ်မလဲ။

မွေးကင်းစကလေးကို တရားဝင်မှတ်ပုံတင်ခြင်းဟာ မိဘတိုင်းရဲ့ တာဝန်ဝတ္တရားဖြစ်ပါတယ်။

တစ်စုံတစ်ယောက်က သင့်အား တရားမဝင်လုပ်သည်ဟု စွပ်စွဲထားတယ်။ အဲဒီလူက သင့်အပေါ် ဘယ်လိုတာဝန်ယူမှုတွေ ရှိသင့်ပါသလဲ။

ထိုပုဂ္ဂိုလ်သည် သင့်အပေါ် စွပ်စွဲထားတဲ့ သက်သေတွေကို သင် သို့မဟုတ် သင်ရဲ့ ဥပဒေဆိုင်ရာကိုယ်စားလှယ်ထံသို့ သက်သေတင်ပြရန် တာဝန်ရှိပါသည်။

သင့်အနေနဲ့ တစ်စုံတစ်ဦးကို အမှားလုပ်မိသည်ဟု စွပ်စွဲထားပါက အဲဒီလူအတွက် သင့်မှာ ဘာတာဝန်တွေရှိပါသလဲ။

ထိုပုဂ္ဂိုလ်အား ၎င်းတို့၏ မှားယွင်းမှုဟု စွပ်စွဲထားကြောင်း အထောက်အထားများ ပြသပါ။



**အထက်ပါ အခြေအနေများတွင် အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကြား ဆက်စပ်မှုကို သင်နားလည်သဘောပေါက်ပါသလား။**

**ဒါကတော့ နှစ်ခုကြားက ဆက်စပ်မှုဖြစ်ပါတယ်။**

လူတိုင်းတွင် တူညီသောအခွင့်အရေးများ ခံစားခွင့်ရှိပါတယ်။ ဆိုလိုသည်မှာ တစ်စုံတစ်ခုဟာ သင့်အတွက် တရားဝင်အခွင့်အရေးဖြစ်ပါက ၎င်းသည် အခြားသူများအတွက်လည်း အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။

အခွင့်အရေးများအားလုံးဟာ တာဝန်ယူမှုနှင့်အတူ ရှိနေကြတယ်။ အခွင့်အရေးတွေကို အချင်းချင်းလေးစားရန်မှာ ကျွန်ုပ်တို့ရဲ့တာဝန်ပါ။ အောက်ပါတို့မှာ နိုင်ငံသားတစ်ဦးအနေဖြင့် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများဖြစ်ပါတယ်။

- သတင်းအချက်အလက်စုဆောင်းပြီး သင့်အခွင့်အရေးများကို လေ့လာပါ။
- အပြန်အလှန် နားထောင်ပါ။
- တစ်ဦးနှင့် တစ်ဦး ထင်မြင်ယူဆချက်များကို လေးစားပါ။
- အချင်းချင်း ယုံကြည်မှုနှင့် အပြုအမူများကို လေးစားပါ။
- မဲပေးပိုင်ခွင့်ကို ကျင့်သုံးပါ။
- မဝေဖန်ခင်မှာ အမှန်တရားကို ရှာဖွေပါ။
- သင်ကိုယ်တိုင် သို့မဟုတ် တခြားသူများ အခွင့်အရေးချိုးဖောက်မှုနဲ့ ကြုံရတဲ့အခါ တစ်ခုခု ဆောင်ရွက်ပါ။
- အခွင့်အရေးချိုးဖောက်မှုများကို တိုက်ဖျက်ရန် အခြားသူများကို လှုံ့ဆော်ပါ။

## သင့်အခွင့်အရေးများသည် အခြားသူများ၏အခွင့်အရေးများနှင့် ကွဲလွဲနေပါက မည်သို့ဖြစ်မည်ထင်ပါသလဲ။

သင့်မိသားစု၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက် သို့မဟုတ် အွန်လိုင်းမှာတွေ့မြင်ရတာတွေနဲ့ သင့်ရဲ့ ထင်မြင်ယူဆချက်တွေ ကွဲလွဲနေတဲ့ အခြေအနေမျိုး ကြုံတွေ့ဖူးပါသလား။

တစ်ခါတစ်ရံတွင် အခွင့်အရေးတစ်ရပ်ကို ကျင့်သုံးခြင်းဟာ ကျွန်ုပ်တို့၏ အခြားကိုယ်ပိုင်အခွင့်အရေး သို့မဟုတ် အခြားသူများ၏အခွင့်အရေးနှင့် ကွဲလွဲနိုင်ပါတယ်။ ဒီလိုအခြေအနေမှာ ဘာလုပ်သင့်ပါသလဲ။

အောက်ဖော်ပြပါ အခြေအနေများမှ လေ့လာကြပါစို့။



မှတ်စုစာအုပ်ကိုင်ထားသော မျက်မှန်နဲ့ကောင်မလေး။ © Shutterstock

### ပဋိပက္ခအတွင်း အခွင့်အရေးများ။ ဇာတ်လမ်း – ၁

**ချိုက သူ့သူငယ်ချင်း စိုးကို ကလေးတွေ မျက်မှန်အထူဝတ်ရတာကို မကြိုက်ဘူးဆိုတဲ့အကြောင်း၊ မျက်မှန်အထူကြီးတွေတပ်ရင် ငတုံးနဲ့တူပြီး ခေတ်နောက်ကျတယ်ဆိုတဲ့အကြောင်း ပြောတယ်။**

မျက်မှန်ထူထူ ဝတ်ထားတဲ့ သန်းသန်းက သူဒီလို မျက်မှန်ဝတ်တာကို ပြောတာဟာ မမျှတဘူးလို့ ပြောတယ်။ ဒီလို ပဋိပက္ခအခြေအနေတွေမှာ ဘယ်ဟာက လူ့အခွင့်အရေးဖြစ်သလဲ။

အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

- ☐ က  လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် ခွဲခြားဆက်ဆံခြင်းမှ လွတ်ကင်းခွင့်
- ☐ ခ  လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် မျက်မှန်တပ်ပိုင်ခွင့်

ပိုကောင်းတဲ့ဖြေရှင်းနည်းက ဘာဖြစ်မလဲ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

☐ က သန်းသန်းက ကောင်မလေးနှစ်ယောက်ကို သူတို့ကို ကြည့်ရတာ ဖက်ရှင်မကျဘူးလို့ ပြန်ပြောလိုက်ပါ။ နောက်ပြီး မျက်မှန်တပ်ထားသူတွေဟာ ပိုတော်ပြီး စမတ်ကျကြောင်း ပြောလိုက်ရင်း အံတုလိုက်ပါ။

☐ ခ ဒီလိုပြောတာဟာ လူတွေကို အမြင်နဲ့ မဆုံးဖြတ်ဖို့ သတိပေးလိုက်တာပါ။ ဘာကြောင့်လဲဆိုတော့ မျက်မှန်တပ်တာဟာ တုံးဖြစ်တယ်လို့ ဖော်ပြနေတာ မဟုတ်လို့ပါ။ ဒီလိုစကားတွေ ဆက်ပြောနေမယ်ဆိုရင် အနိုင်ကျင့်မှုတွေအတွက် သတင်းပို့ရလိမ့်မယ်လို့ သူမက သတိပေးပါတယ်။

**အနိုင်ကျင့်ခြင်းဟာ အကြမ်းဖက်မှုပုံစံတစ်ခုဖြစ်တဲ့အတွက် သည်းခံသင့်သည့်အရာမဟုတ်ပါ။ အနိုင်ကျင့်ခံရသူများအနေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများထံသို့အသိပေးနိုင်ပြီး အခြားသူများ အနိုင်ကျင့်ခံရသည်ကိုမြင်ရသူများအနေဖြင့်လည်း အနိုင်ကျင့်မှုကို ရပ်တန့်ဖို့တာဝန်ရှိသူများထံအသိပေးခြင်းဖြင့်ကူညီနိုင်ပါတယ်။**


နံရံကိုမှီထားသော ကောင်လေး။ © Shutterstock

**ပဋိပက္ခအတွင်း အခွင့်အရေးများ။ ဇာတ်လမ်း – ၂**

**၁၀ နှစ်အရွယ်ကောင်လေး ဖြိုးဟာ နောက်နေ့စာမေးပွဲအတွက် စာကျက်ရန်ကြိုးစားနေသော်လည်း ညစာအတွက် ထမင်းနှင့် ငါးပိရည်အနည်းငယ်သာ စားရသောကြောင့် ဗိုက်ဆာနေပါတယ်။**

ဖြိုးမိဘတွေက အလုပ်မရသေးလို့ စားနပ်ရိက္ခာအတွက် အလုံအလောက် မဝယ်နိုင်ဘူးလို့ သူ့ကို ပြောပါတယ်။ အလုပ်ရှင်တော်တော်များများက အရွယ်ရောက်ပြီးသူတွေအစား ကလေးအလုပ်သမားတွေကို ခန့်ထားကြတယ်လို့ပြောပါတယ်။ ပဋိပက္ခတွေမှာ ဘယ်အရာတွေက တရားဝင်အခွင့်အရေးတွေဖြစ်ပါသလဲ။

အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

☐ က ပညာသင်ကြားခွင့် နှင့် အလုပ်လုပ်ပိုင်ခွင့်

☐ ခ ပညာသင်ကြားခွင့် နှင့် လုံလောက်သော ကျန်းမာရေးနှင့်ကိုက်ညီသည့် အစားအစာ စားသုံးခွင့်

ဤအခြေအနေတွေကို ဖြေရှင်းဖို့ ဘယ်နည်းလမ်းက အကောင်းဆုံးဖြစ်မလဲ။ အဖြေမှန်များကို “နောက်ဆက်တွဲ အဖြေများ” တွင်ကြည့်ရှုနိုင်ပါသည်။

- ☐ က — မိဘတွေဟာ မိသားစုကို ထောက်ပံ့ဖို့နဲ့ ဖြိုးကို ပညာသင်ကြားဖို့ အလုပ်ရှာကြတယ်။ ကလေးအလုပ်သမားဆိုတဲ့အခြေအနေဟာ ဖြိုးအတွက် အန္တရာယ်များလှပါတယ်။
- ☐ ခ — ဖြိုးက မိသားစုကို ထောက်ပံ့ဖို့ အလုပ်လုပ်တယ်။ ဒါဟာ ထိရောက်တဲ့ အဖြေတစ်ခု မဟုတ်ပေမယ့် သူတို့မိသားစုအတွက် တခြားရွေးချယ်စရာ မရှိပါ။ ဖြိုးအလုပ်လုပ်ရင် မိသားစုဝင်များ ဆာလောင်ကြတော့မည် မဟုတ်။

**ကလေးလုပ်သားတွေဟာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ အန္တရာယ်တွေနဲ့ ကြုံတွေ့နေရပြီး စဉ်ဆက်မပြတ်တိုးတက်မှုတွေကိုရပ်တန့်စေပြီး ဆင်းရဲနွမ်းပါးမှုစက်ဝိုင်းကို ဆက်လက်ဖြစ်စေပါတယ်။ မိဘတွေဟာ ကလေးတွေရဲ့ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုတွေအတွက် တာဝန်ရှိပါတယ်။**



အရက်ပုလင်းကို ကိုင်ထားသော အမျိုးသား။ © Shutterstock

**ပဋိပက္ခအတွင်း အခွင့်အရေးများ။ ဇာတ်လမ်း – ၃**

**ခင်ပွန်းဖြစ်သူ ကိုလွင်က အရက်မူးပြီး အိမ်ပြန်လာကာ ဇနီးဖြစ်သူ ဝါဝါနှင့် စကားများ ရန်ဖြစ်ကြတယ်။ ဒီလို ရန်ဖြစ်မှုတွေ မကြာခဏ ဖြစ်လေ့ရှိပါတယ်။**

ကိုလွင်ရဲ့ သားသမီးတွေဟာ အဖေက အမေ့ကို ရိုက်နှက်တဲ့အတွက် ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းနှင့်အတူ ကြောက်ရွံ့နေကြတယ်။ သူတို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။ ပဋိပက္ခအခြေအနေတွေမှာ ဘယ်လိုအခွင့်အရေးတွေ ရှိနေပါသလဲ။ အဖြေမှန်များကို “နောက်ဆက်တွဲ အဖြေများ” တွင်ကြည့်ရှုနိုင်ပါသည်။

- ☐ က — မိသားစု၏ ချစ်ခြင်းမေတ္တာနှင့် ပြုစုစောင့်ရှောက်မှု ရပိုင်ခွင့် ဒါမှမဟုတ် အလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်မှုနှင့် လျစ်လျူရှုမှုတို့မှ အကာအကွယ်ရပိုင်ခွင့်
- ☐ ခ — မိသားစုချစ်ခြင်းမေတ္တာနဲ့ ပြုစုစောင့်ရှောက်မှု ရပိုင်ခွင့် ဒါမှမဟုတ် အိမ်ထောင်ဖက်ကို ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်

ဒီအခြေအနေမျိုးမှာ ဘယ်နည်းလမ်းက အကောင်းဆုံး ဖြေရှင်းနည်းဖြစ်မလဲ။ အဖြေမှန်များကို “နောက်ဆက်တွဲ အဖြေများ” တွင်ကြည့်ရှုနိုင်ပါသည်။

- ☐ က — ဝါဝါနဲ့ ကလေးတွေက ကိုလွင် အရက်မူးလာတဲ့အခါ သူမမြင်အောင် ပုန်းနေဖို့ အမြဲတမ်း စောင့်ကြည့်နေကြရတယ်။
- ☐ ခ — ရပ်မိရပ်ဖတွေကတော့ ကိုလွင်ကို သူ့မိန်းမနဲ့သားသမီးတွေကို မနှိပ်စက်ဖို့ ပြောထားတယ်။ ကိုလွင်ရဲ့ ရိုင်းစိုင်းတဲ့ အပြုအမူတွေ မပြောင်းလဲရင် ရဲကို တိုင်ကြားတယ်။

## အိမ်တွင်းအကြမ်းဖက်မှုကို လူအများက ကိုယ်ရေးကိုယ်တာကိစ္စဟု ယုံကြည်ခြင်းကြောင့် ထိုကိစ္စရပ်များကို ကြားဖြတ်ဝင်ရောက်ဖြေရှင်းခြင်း ပြုလုပ်လေ့မရှိပါ။ သို့သော်လည်း လူ့အဖွဲ့အစည်းသည်ပြောင်းလဲနေသည့်အတွက် အိမ်တွင်းအကြမ်းဖက်မှုကို လျစ်လျူမရှုခြင်း၏ အရေးပါမှုကို လူများက ပိုမိုသိလာကြပါပြီ။

အထက်ဖော်ပြပါ အခြေအနေများအားလုံးတွင် လူအမျိုးမျိုး၏အခွင့်အရေးများ ပဋိပက္ခဖြစ်လာပြီး မည်သည့်အခွင့်အရေးကို ဦးစားပေးသင့်သည်ကို ဆုံးဖြတ်ရန် လိုအပ်ပါသည်။ သင်သတိပြုမိသည့်အတိုင်း၊ အထက်ဖော်ပြပါ အခြေအနေများအားလုံးတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည့်မေးခွန်းတစ်ခု ရှိပြီး အခွင့်အရေးနှစ်ခုကြား ပဋိပက္ခကို ဖြေရှင်းရန်အတွက် ပိုမိုကောင်းမွန်သော ဖြေရှင်းနည်းကို ညွှန်ပြသည့် အန္တရာယ်ကို ရှောင်ရှားရန် စိတ်ကူးဖြစ်သည်။ အခွင့်အရေးများ ပဋိပက္ခဖြစ်သည့်အခါ သင့်အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ငွေရေးကြေးရေး သို့မဟုတ် ခွဲခြားဆက်ဆံမှုတွင် ထိခိုက်မှုရှိမရှိ ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ သင်ဤအရာကိုဆုံးဖြတ်ပြီးသည်နှင့် သင်သည် ပဋိပက္ခဖြစ်နေသောအခွင့်အရေးတစ်ခုစီကို ဦးစားပေးမည်ဖြစ်သောကြောင့် ဤအန္တရာယ်ကို အနည်းဆုံးဖြစ်စေ သို့မဟုတ် လုံးလုံးလျားလျားဖယ်ရှားနိုင်မည်ဖြစ်သည်။

ဂုဏ်ယူပါတယ်။ ဒီအခန်းကို ဆုံးခန်းတိုင်အောင်လေ့လာခဲ့ပြီးဖြစ်ပါသည်။

ဒါပေမယ့် တစ်ခုကျန်ပါသေးတယ်။  မိမိကိုယ်ကို အကဲဖြတ်ခြင်း အစီအစဉ်ကတဆင့် သင်၏ သင်ယူထားရှိမှုများကို အသုံးချကာ တတ်မြောက်မှုကို တိုင်းတာပါ။

သင်ခန်းစာ ၆/၇

# မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။

သင်ဟာ အခန်းကြီး – ၂။ **ဘဝနှင့်သက်ဆိုင်သောအခွင့်အရေးများ** သင်ခန်းစာကို ပြီးလုနီးပါး ရောက်နေပြီဖြစ်ပါတယ်။

ဒါကတော့ မိမိကိုယ်ကို အကဲဖြတ်ရာမှာ အထောက်အကူဖြစ်စေတဲ့ မေးခွန်းတွေနဲ့ အကဲဖြတ်ခြင်း ဖြစ်ပါတယ်။ စာမေးပွဲကဲ့သို့ မဟုတ်သည့်အတွက် အောင်မှတ်အဖြစ် သတ်မှတ်ထားခြင်း မရှိပါ။ ပြန်လည်လေ့လာရန် လိုအပ်သည့်အရာများကို သင့်ရမှတ်မှ သိရှိနိုင်ပါသည်။

မိမိကိုယ်ကို အကဲဖြတ်ခြင်းစစ်တမ်းကို သင့်စိတ်ကြိုက် အကြိမ်ပေါင်းများစွာ ကြိုးစားနိုင်ပါသည်။

အကောင်းဆုံး ဖြေဆိုနိုင်ပါစေ။
အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

### မေးခွန်း ၁ / ၅

လူမှုဝန်းကျင်အတွင်း ထိလွယ်ခိုက်လွယ်ဖြစ်တဲ့ အုပ်စုများကို ထိခိုက်စေမည့် မူဝါဒကို ဆန့်ကျင်ပြောဆိုခြင်းကြောင့် အမျိုးသမီးတစ်ဦးဟာ ဖမ်းဆီးထိန်းသိမ်းခြင်း ခံရပါတယ်။ သူမ၏ မိသားစုနှင့် လူမှုဝန်းကျင်က ဖမ်းဆီးမှုဟာ သူမရဲ့ အခြေခံလူ့အခွင့်အရေးဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကို ဆန့်ကျင်သည်ဟု ယုံကြည်နေပါတယ်။

သင် ဒါကို သဘောတူပါသလား။ အောက်ဖော်ပြပါအချက်များထဲက အဖြေတစ်ခုကိုရွေးချယ်ပါ။

- ☐ (က) သဘောတူပါတယ်။
- ☐ (ခ) သဘောမတူပါ။

### မေးခွန်း ၂ / ၅

ကျေးလက်တောရွာမှ လူငယ်တစ်ဦးက ကျောင်းတက်ချင်သော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ချို့တဲ့တဲ့အတွက် ကျောင်းမတက်နိုင်ပေ။ သူ့တွင် စက်ဘီးလည်းမရှိ၊ မိသားစုကလည်း ကျောင်းသွားကျောင်းပြန်အတွက် စီစဉ်ပေးနိုင်ခြင်းမရှိသည့်အပြင်၊ အများအသုံးပြုနိုင်သော ဆက်သွယ်ရေးစနစ်လည်း သူနေထိုင်သည့်ရွာတွင် မရှိပါ။

အောက်ပါအခွင့်အရေးများထဲတွင် မည်သည့်အခွင့်အရေးများ ပျောက်ဆုံးနေပါသလဲ။ အောက်ဖော်ပြပါအချက်များထဲက အဖြေတစ်ခုကိုရွေးချယ်ပါ။

- ☐ (က) အများပြည်သူသုံးအခွင့်အရေးများကို သုံးစွဲခွင့်
- ☐ (ခ) အိမ်မွေးတိရစ္ဆာန်မွေးပိုင်ခွင့်
- ☐ (ဂ) အင်တာနက်သုံးစွဲခွင့်
- ☐ (ဃ) ကားမောင်းပိုင်ခွင့်

## မေးခွန်း ၃ / ၅

အောက်ဖော်ပြပါ အကြောင်းအရာများထဲမှ မည်သည့်အရာများသည် လူ့အခွင့်အရေးများ ဖြစ်ပါသနည်း။

အောက်ဖော်ပြပါအချက်များထဲက အဖြေများကို တစ်ခုထက်ပိုပြီး ရွေးချယ်နိုင်ပါတယ်။

- ☐ က ဆိုးသွမ်းသောသားသမီးနှင့် ဇနီးကို ရိုက်နှက်ခြင်းမှ ကာကွယ်ရပိုင်ခွင့်
- ☐ ခ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်
- ☐ ဂ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆချက်နှင့် တွေးခေါ်ခွင့်
- ☐ ဃ အိမ်ထောင်ရေးနှင့် မိသားစုအခွင့်အရေး

## မေးခွန်း ၄ / ၅

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုမှာရှိတဲ့ ကုမ္ပဏီတစ်ခုက အလုပ်သမားတွေကို ဆိုးရွားတဲ့ အခြေအနေမျိုးတွေနဲ့အလုပ်ခန့်ထားပြီး  အနိမ့်ဆုံးလုပ်ခလစာထက် လျော့ပေးကာ    အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်ကို ငြင်းဆန်ရင်း အလုပ်သမားတွေကို အသုံးချနေတယ်။ အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူများအနေနဲ့ အဆိုပါပြဿနာကို အာရုံစိုက်လာသော်လည်း ကုမ္ပဏီက သူတို့ရဲ့ အလေ့အထတွေကို ပြောင်းလဲဖို့ ငြင်းဆိုခဲ့ပြီး အစိုးရကြားဝင်ဖြေရှင်းမှုကို တောင်းဆိုခဲ့တယ်။ ကုမ္ပဏီရဲ့ စီးပွားရေးလွှမ်းမိုးမှုကြောင့် အစိုးရအနေနဲ့ လုပ်ဆောင်ရန် ချီတုံချတုံ ဖြစ်နေပါတယ်။

မည်သည့် လူ့အခွင့်အရေးကို ချိုးဖောက်နေပါသလဲ။ အောက်ဖော်ပြပါအချက်များထဲက အဖြေတစ်ခုကိုရွေးချယ်ပါ။

- ☐ က အလုပ်သမားများအနေဖြင့် မျှတသော လုပ်ခလစာ ရရှိခွင့်နှင့်  အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်
- ☐ ခ အစိုးရအနေဖြင့် စီးပွားရေးတည်ငြိမ်အောင် ဆောင်ရွက်နိုင်ခွင့်
- ☐ ဂ ကော်ပိုရေးရှင်းများအနေဖြင့် သင့်လျော်သလို လည်ပတ်နိုင်ခွင့်

## မေးခွန်း ၅ / ၅

အစိုးရအနေနဲ့ ဝင်ငွေနည်းပြီး နောက်ခံအင်အား မတောင့်တင်းသည့် ကျောင်းသားများအတွက် ပညာသင်ကြားရေးအခွင့်အလမ်း တန်းတူရရှိစေရန် ပညာသင်ကြားရေးဆုများနှင့် ငွေကြေးထောက်ပံ့ရေး အစီအစဉ်များကို အစိုးရက တည်ထောင်ပေးပါတယ်။
အစိုးရ၏လုပ်ဆောင်ချက်ကြောင့် ဘယ်လိုအခွင့်အရေးမျိုးကို ရရှိနိုင်ပါသလဲ။ အောက်ဖော်ပြပါအချက်များထဲက အဖြေတစ်ခုကိုရွေးချယ်ပါ။

မည်သည့် လူ့အခွင့်အရေးကို ချိုးဖောက်နေပါသလဲ။ အောက်ဖော်ပြပါအချက်များထဲက အဖြေတစ်ခုကိုရွေးချယ်ပါ။

- ☐ က အိမ်ပိုင်ခွင့်
- ☐ ခ ပညာသင်ကြားခွင့်
- ☐ ဂ ကိုယ်ပိုင်လွတ်လပ်ခွင့်
- ☐ ဃ ကျန်းမာရေးစောင့်ရှောက်ခံရမှုခံစားနိုင်ခွင့်

သင်ခန်းစာ ၇/၇

# ▶ အနှစ်ချုပ်

ယခုအခန်းကို အဆုံးမသတ်မီ ဤနေရာတွင် အဓိကသင်ယူမှုများ၏ အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။ အရေးကြီးသော အချက်များကို လေ့လာနိုင်ရန်အတွက် အောက်ဖော်ပြပါအချက်တစ်ခုစီကို ရွေးပါ။



လက်တွေလေပေါ်မှာဝဲကာ အားပေးနေသော ကလေးများ။ © Shutterstock

## လူ့အခွင့်အရေးများ

- နိုင်ငံတစ်ခုချင်းစီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အမျိုးသားဥပဒေများနှင့် စည်းမျဉ်းတွေမှာ လူတစ်ဦးချင်းစီရဲ့ အခြေခံလူ့အခွင့်အရေးတွေကို ဖော်ပြထားပါတယ်။
- တူညီတဲ့ အခွင့်အရေးတွေဟာ မည်သူမဆို မွေးဖွားရာနေရာ၊ လိင်၊ လူမျိုး၊ ဘာသာနှင့် ဆင်းရဲသော သို့မဟုတ် ချမ်းသာသော မိသားစုမှ မွေးဖွားသည်ဖြစ်စေ တိုင်းပြည်အတွင်းရှိ ကလေးများ အားလုံးနှင့် သက်ဆိုင်ပါတယ်။
- အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာ ကျင့်သုံးသည့် အတိုင်းအတာဟာ မိသားစု တစ်ခုမှ မိသားစု တစ်ခုသို့ လူမှုဝန်းကျင် တစ်ခုမှ တစ်ခုသို့ နိုင်ငံတစ်ခုမှ တစ်ခုသို့ ကွဲပြားပါတယ်။
- အစိုးရက နိုင်ငံသားအားလုံးရဲ့ လူ့အခွင့်အရေးအားလုံးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါတယ်။

## ကလေးသူငယ် အခွင့်အရေးများ

- ကလေးသူငယ်အခွင့်အရေးဆိုင်ရာမူဝါဒများကို တစ်ကမ္ဘာလုံးက လက်ခံထားပါတယ်။
- ကလေးတွေဟာ ၎င်းတို့နေထိုင်ရာ၊ မွေးဖွားရာ၊ မည်သည့်ဘာသာကို ယုံကြည်သည်၊ မည်သည့်လူမျိုး၊ လိင်ဖြစ်စေ၊ ဆင်းရဲသော သို့မဟုတ် ချမ်းသာသော မိသားစုမှ မွေးဖွားလာသည်ဖြစ်စေ တူညီသော အခွင့်အရေးများရှိပါတယ်။

## အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ

- အခွင့်အရေးများက တာဝန်ဝတ္တရားများနဲ့ အမြဲတမ်းတူတည်ရှိနေပါတယ်။
- ကလေးသူငယ်အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ရန်မှာ မိဘများနဲ့ လူမှုဝန်းကျင်များရဲ့ တာဝန်ဖြစ်ပါတယ်။
- ကျွန်ုပ်တို့ရဲ့ အခွင့်အရေးတွေကို ကာကွယ်ခြင်းနဲ့ ခံစားရာမှာ အခြားသူများရဲ့ အခွင့်အရေးတွေကို မချိုးဖောက်ဖို့လိုအပ်ပါတယ်။
- တစ်ခြားသူများရဲ့ အခွင့်အရေးတွေကို လေးစားလိုက်နာခြင်းဟာလည်း ပဋိပက္ခတွေကို တားဆီးဖြေရှင်းခြင်းဖြစ်ပါတယ်။

ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့ မျှော်လင့်ပါသည်။
ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။
http://ecampus.iloyangon.org/

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၃)၊ စာမျက်နှာ ၄

အောက်ဖော်ပြပါများထဲမှ မည်သည့်အရာသည် အမှန်တကယ်လူ့အခွင့်အရေးဖြစ်ပါသလဲ။

သင့်အဖြေများကို အောက်ပါအတိုင်း အမှန်ခြစ်ပါက သင်အဖြေမှန်ပါသည်။ ကောင်းစွာပြီးမြောက်သည်။

| အခွင့်အရေးအမျိုးအစားများ | လူ့အခွင့်အရေး | လူ့အခွင့်အရေးမဟုတ်ပါ။ |
|---|---|---|
| ပညာသင်ကြားခွင့် | ✓ | |
| အကြမ်းဖက်ပိုင်ခွင့် | | ✓ |
| သူတစ်ပါးကို ညှင်းပန်းနှိပ်စက်ပိုင်ခွင့် | | ✓ |
| တရားမျှတသော လုပ်ငန်းခွင်အခြေအနေများ ရရှိပိုင်ခွင့် | ✓ | |
| အိမ်ထောင်ရေးနှင့် မိသားစုဖန်တီးနိုင်ခွင့် | ✓ | |
| လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် | ✓ | |
| အိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်ခွင့် | | ✓ |
| တန်းတူညီမျှအခွင့်အရေး | ✓ | |
| ကားပိုင်ဆိုင်ခွင့် | | ✓ |
| အရက်သောက်ပိုင်ခွင့် | | ✓ |

သင်ခန်းစာ ၄၊ စာမျက်နှာ ၁၄

## လေ့လာမှုမှတ်တိုင်

အောက်ဖော်ပြပါအကြောင်းအရာများထဲမှ မည်သည့်အမျိုးအစားတွေက ကလေးသူငယ်အခွင့်အရေးတွေဖြစ်တယ်လို့ ထင်ပါသလဲ။

ရွေးချယ်စရာများထဲက (က)၊ (ခ)၊ (ဃ) နှင့် (င) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အထက်တွင် ဖော်ပြခဲ့တဲ့အတိုင်း UNCRC က အသက်ရှင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ပူးပေါင်းပါဝင်ခွင့်၊ အကာအကွယ်ရပိုင်ခွင့်ကို ဦးစားပေးပြီး ကလေးအလုပ်သမားတွေကို တားမြစ်ပါတယ်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၅

| တုန့်ပြန်မှုများ | အခွင့်အရေးများ | တာဝန်ဝတ္တရားများ | တစ်ခုမှမဟုတ်ပါ |
|---|---|---|---|
| သင့်ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုနိုင်ရန် တောင်းဆိုပါ။ | ✓ | | |
| တခြားသူတွေစကားပြောသောအခါ သူတို့ရဲ့အမြင်ကို နားထောင်ပါ။ | | ✓ | |
| သင်နှင့် သဘောထားမတိုက်ဆိုင်သူများ စကားပြောဆိုခြင်းကို ပိတ်ပင်တားဆီးပါ။ | | | ✓ |
| တခြားသူတွေကို ရှင်းရှင်းလင်းလင်း နဲ့ လေးစားစွာ ဆက်ဆံပါ။ | | ✓ | |
| ဘယ်အခြေအနေမှာမဆို ဘယ်သူ့ကိုမဆို သင်ပြောချင်တာကို ပြောပါ။ | | | ✓ |
| အများပြည်သူနှင့်ဆိုင်သော ဝန်ဆောင်မှုများကို တန်းတူညီမျှသုံးစွဲခွင့် တောင်းဆိုပါ။ | ✓ | | |
| တခြားသူတွေ မှားနေရင် ပြောပြပါ။ | | | ✓ |

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၇

**ပဋိပက္ခအတွင်း အခွင့်အရေးများ– ဇာတ်လမ်း ၁**

မျက်မှန်ထူထူ ဝတ်ထားတဲ့ သန်းသန်းက သူဒီလို မျက်မှန်ဝတ်တာကို ပြောတာဟာ မမျှတဘူးလို့ ပြောတယ်။ ဒီလို ပဋိပက္ခအခြေအနေတွေမှာ ဘယ်ဟာက လူ့အခွင့်အရေးဖြစ်သလဲ။

**ရွေးချယ်စရာများထဲက (က) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။**

လူတိုင်းမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိပါတယ်။ သို့သော် သင့်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသောကြောင့် ဘယ်အရာမဆို ထုတ်ဖော်ပြောနိုင်သည်ဟု မဆိုလိုပါ။

ပိုကောင်းတဲ့ဖြေရှင်းနည်းက ဘာဖြစ်မလဲ။

**ရွေးချယ်စရာများထဲက (ခ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။**

ဒီကိစ္စမှာ ချိုနဲ့စိုးရဲ့ ပြောဆိုချက်တွေဟာ ခွဲခြားဆက်ဆံတဲ့အသွင်ကို ဆောင်နေပြီး သန်းကတော့ ခွဲခြားဆက်ဆံခံရမှုနဲ့ အနိုင်ကျင့်ခံရမှုတို့မှ ကင်းလွတ်ခွင့်ရှိရပါမယ်။ ဒီမိန်းကလေးနှစ်ယောက်ရဲ့လုပ်ရပ်ကို အနိုင်ကျင့်တယ်လို့ခေါ်ပါတယ်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၈

### ပဋိပက္ခအတွင်း အခွင့်အရေးများ– ဇာတ်လမ်း ၂

ဖြိုးမိဘတွေက အလုပ်မရသေးလို့ စားနပ်ရိက္ခာအတွက် အလုံအလောက် မဝယ်နိုင်ဘူးလို့ သူ့ကို ပြောပါတယ်။ အလုပ်ရှင်တော်တော်များများက အရွယ်ရောက်ပြီးသူတွေအစား ကလေးအလုပ်သမားတွေကို ခန့်ထားကြတယ်လို့ဖြိုးကိုပြောတယ်။ ပဋိပက္ခတွေမှာ ဘယ်အရာတွေက တရားဝင်အခွင့်အရေးတွေ ဖြစ်ပါသလဲ။

ရွေးချယ်စရာများထဲက (ခ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဆင်းရဲနွမ်းပါးတဲ့မိသားစုတွေမှာ ရွေးချယ်စရာတွေ သိပ်မရှိပါဘူး။ ကလေးလုပ်သားအဖြစ်လုပ်ကိုင်နေတဲ့ကလေးတွေက များသောအားဖြင့် ဆင်းရဲတဲ့မိသားစုတွေကလာပါတယ်။ သို့သော်လည်း ကလေးတွေရဲ့ လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးဖို့ မိဘတိုင်းဟာ တာဝန်ရှိပါတယ်။

ဤအခြေအနေတွေကို ဖြေရှင်းဖို့ ဘယ်နည်းလမ်းက အကောင်းဆုံးဖြစ်မလဲ။

ရွေးချယ်စရာများထဲက (က) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကလေးတွေကို အလုပ်လုပ်စေပြီး မိသားစုကိုထောက်ပံ့စေခြင်းက ရွေးချယ်မှုတစ်ခုဖြစ်နိုင်တယ်ဆိုပေမယ့် ရေတိုအတွက်သာ အကျိုးရှိစေနိုင်ပြီး ရေရှည်မှာ ထိခိုက်စေပါတယ်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၉

### ပဋိပက္ခအတွင်း အခွင့်အရေးများ– ဇာတ်လမ်း ၃

ကိုလွင်ရဲ့ သားသမီးတွေဟာ အဖေက အမေ့ကို ရိုက်နှက်တဲ့အတွက် ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းနှင့်အတူ ကြောက်ရွံ့နေကြတယ်။ သူတို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။ ပဋိပက္ခအခြေအနေတွေမှာ ဘယ်လိုအခွင့်အရေးတွေ ရှိနေပါသလဲ။

ရွေးချယ်စရာများထဲက (က) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

လက်ထပ်ထားတဲ့ လင်မယားကြားမှာ အိမ်တွင်းအကြမ်းဖက်မှုတွေအများအပြားရှိနေသော်လည်း အိမ်ထောင်ဖက်ရွေးချယ်ပိုင်ခွင့်တွင် မပါဝင်ပါ။

ဒီအခြေအနေမျိုးမှာ ဘယ်နည်းလမ်းက အကောင်းဆုံး ဖြေရှင်းနည်းဖြစ်မလဲ။

ရွေးချယ်စရာများထဲက (ခ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

လူမှုဝန်းကျင်တွေက လူတွေကို အနိုင်ကျင့်အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ရာမှာ ကြီးမားတဲ့ အခန်းကဏ္ဍတစ်ခုအနေနဲ့ပါ ဝင်ပါတယ်။ အချို့သော ကြောက်မက်ဖွယ်ရာ အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်ခံရသူများဟာ ပြင်းထန်သောဒဏ်ရာများရရှိခြင်း သို့မဟုတ် သေဆုံးသည်အထိ ဖြစ်နိုင်ပါတယ်။

သင်ခန်းစာ (၆)၊ စာမျက်နှာ ၂၁

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၅

လူမှုဝန်းကျင်အတွင်း ထိလွယ်ခိုက်လွယ်ဖြစ်တဲ့ အုပ်စုများကို ထိခိုက်စေမည့် မူဝါဒကို ဆန့်ကျင်ပြောဆိုခြင်းကြောင့် အမျိုးသမီးတစ်ဦးဟာ ဖမ်းဆီးထိန်းသိမ်းခြင်း ခံရပါတယ်။ သူမ၏ မိသားစုနှင့် လူမှုဝန်းကျင်က ဖမ်းဆီးမှုဟာ သူမရဲ့ အခြေခံလူ့အခွင့်အရေးဖြစ်တဲ့ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကို ဆန့်ကျင်သည်ဟု ယုံကြည်နေပါတယ်။ သင် ဒါကို သဘောတူပါသလား။

ရွေးချယ်စရာများထဲက (က) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

နိုင်ငံတကာ ဥပဒေမှာ လွတ်လပ်စွာပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကို အခြေခံလူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုထားပါတယ်။ ဤအခွင့်အရေးများကို ကျင့်သုံးခြင်းကြောင့် လူတစ်ဦးချင်းစီအား ဖိနှိပ်ခြင်း သို့မဟုတ် အပြစ်ပေးခြင်းက လူ့အခွင့်အရေးကို ချိုးဖောက်ခြင်း ဖြစ်ပါတယ်။

မေးခွန်း ၂/၅

ကျေးလက်တောရွာမှ လူငယ်တစ်ဦးက ကျောင်းတက်ချင်သော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ချို့တဲ့တဲ့အတွက် ကျောင်းမတက်နိုင်ပေ။ သူ့တွင် စက်ဘီးလည်းမရှိ၊ မိသားစုကလည်း ကျောင်းသွားကျောင်းပြန်အတွက် စီစဉ်ပေးနိုင်ခြင်းမရှိသည့်အပြင်၊ အများအသုံးပြုနိုင်သော ဆက်သွယ်ရေးစနစ်လည်း သူနေထိုင်သည့်ရွာတွင် မရှိပါ။ အောက်ပါအခွင့်အရေးများထဲတွင် မည်သည့်အခွင့်အရေးများ ပျောက်ဆုံးနေပါသလဲ။

ရွေးချယ်စရာများထဲက (က) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကျေးလက်တောရွာမှ လူငယ်လေးဟာ လူတိုင်းရပိုင်ခွင့်ရှိတဲ့ အများပြည်သူဆိုင်ရာဝန်ဆောင်မှုများကို တန်းတူညီမျှရပိုင်ခွင့်ရှိပါတယ်။ ထိုအရာတွေမှာ သောက်သုံးရေအပါအဝင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ ပါဝင်ပါတယ်။

မေးခွန်း ၃/၅

အောက်ဖော်ပြပါ အကြောင်းအရာများထဲမှ မည်သည့်အရာများသည် လူ့အခွင့်အရေးများ ဖြစ်ပါသနည်း။

ရွေးချယ်စရာများထဲက (ခ) ၊ (ဂ) နှင့် (ဃ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဆိုးသွမ်းတဲ့ သားသမီးနှင့် မယားကို ရိုက်နှက်ခြင်းဟာ လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်ပြီး တားမြစ်ထားပါတယ်။ ပေးထားတဲ့ အခြားရွေးချယ်ခွင့်များအားလုံးက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များမှ အာမခံထားသော အခွင့်အရေးများ ဖြစ်ကြပါတယ်။

မေးခွန်း ၄/၅

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုမှာရှိတဲ့ ကုမ္ပဏီတစ်ခုက အလုပ်သမားတွေကို ဆိုးရွားတဲ့ အခြေအနေမျိုးတွေနဲ့အလုပ်ခန့်ထားပြီး အနိမ့်ဆုံးလုပ်ခလစာထက် လျော့ပေးကာ သမဂ္ဂဖွဲ့စည်းခွင့်ကို ငြင်းဆန်ရင်း အလုပ်သမားတွေကို အသုံးချနေတယ်။ အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူများအနေနဲ့ အဆိုပါပြဿနာကို အာရုံစိုက်လာသော်လည်း ကုမ္ပဏီက သူတို့ရဲ့ အလေ့အထတွေကို ပြောင်းလဲဖို့ ငြင်းဆိုခဲ့ပြီး အစိုးရကြားဝင်ဖြေရှင်းမှုကို တောင်းဆိုခဲ့တယ်။ ကုမ္ပဏီရဲ့ စီးပွားရေးလွှမ်းမိုးမှုကြောင့် အစိုးရအနေနဲ့ လုပ်ဆောင်ရန် ချီတုံချတုံ ဖြစ်နေပါတယ်။
မည်သည့် လူ့အခွင့်အရေးကို ချိုးဖောက်နေပါသလဲ။

ရွေးချယ်စရာများထဲက (က) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဒီအခြေအနေတွေမှာ အလုပ်သမားတွေရဲ့ လူ့အခွင့်အရေးကို ဦးစားပေးပြီး၊ ၎င်းတို့၏ အခွင့်အရေးတွေကို လေးစားတဲ့ ဖြေရှင်းနည်းများဖြစ်တဲ့ လုပ်ငန်းခွင်ကောင်းမွန်အောင် ဖန်တီးပေးခြင်း၊ လုပ်ခလစာတိုးမြှင့်ခြင်း စသည်တို့ဖြင့် ၎င်းတို့ရဲ့ လူ့အခွင့်အရေးကို ဦးစားပေးကာ ခေါင်းပုံဖြတ်ခံရခြင်းမှ ကာကွယ်ပေးရန် အရေးကြီးပါတယ်။

မေးခွန်း ၅/၅

အစိုးရအနေနဲ့ ဝင်ငွေနည်းပြီး နောက်ခံအင်အား မတောင့်တင်းသည့် ကျောင်းသားများအတွက် ပညာသင်ကြားရေးအခွင့်အလမ်း တန်းတူရရှိစေရန် ပညာသင်ကြားရေးဆုများနှင့် ငွေကြေးထောက်ပံ့ရေး အစီအစဉ်များကို အစိုးရက တည်ထောင်ပေးပါတယ်။
အစိုးရ၏လုပ်ဆောင်ချက်ကြောင့် ဘယ်လိုအခွင့်အရေးမျိုးကို ရရှိနိုင်ပါသလဲ။

ရွေးချယ်စရာများထဲက (ခ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဤနေရာမှာ ဖော်ပြထားတဲ့ အခွင့်အရေးက ပညာသင်ကြားခွင့် ဖြစ်ပါတယ်။ ထိုအခြေအနေမျိုးမှာ ဝင်ငွေနည်းတဲ့ကျောင်းသားတွေကို အဆင့်မြင့်ပညာ ဆက်လက်တတ်မြောက်ရန်နဲ့ ငွေကြေးထောက်ပံ့မှုရရှိစေရန်အတွက် အစိုးရရဲ့ အစီအစဉ်ကို ဖော်ဆောင်ထားခြင်း ဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ ပညာရေးဆိုင်ရာမူဝါဒနဲ့ကိုက်ညီတဲ့ ပညာရေးကို တန်းတူညီမျှရရှိရေး သေချာစေရန် လုပ်ဆောင်ထားခြင်း ဖြစ်ပါတယ်။

## ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများအတွက် အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ ဘဝတွက်တာကျွမ်းကျင်မှု အထောက်အကူပြု အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်

၂၀၁၈ ခုနှစ်တွင် ရေးဆွဲထုတ်ဝေခဲ့သော 3-R Trainers' Kit နှင့် ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့သော ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ် သင်ခန်းစာပေါင်းချုပ် တို့မှ ချမှတ်ထားသော အခြေခံအုတ်မြစ်ပေါ်တွင် အခြေပြုထား သည့် 3Rs အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်သည် လူမှုအသိုက်အဝန်းများတွင် ထိခိုက်လွယ်သော ကလေး အလုပ်သမား များနှင့်လူကုန်ကူးမှုအရေးနှင့်သက်ဆိုင်သည့် အလုပ်လုပ်နေကြသော လူတစ်ဦးချင်းနှင့် အဖွဲ့အစည်း များအတွက် စွမ်းအင်မြင့် တင်ပေးရန် ရေးဆွဲထားသည့် ပြီးပြည့်စုံသောအရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ဤသင်ကြားရေး အစီအစဉ်ကို အသုံးပြုနေသော သူများအား ကလေးအလုပ်သမားနှင့် လူကုန်ကူးမှုဆိုင်ရာ ချိုးဖောက်မှုများကို ထိရောက်စွာကာကွယ်ရန်နှင့် တိုက်ဖျက်ရန် လိုအပ်သော ကိရိယာများဖြင့် ဖြည့်ဆည်းပေးထားပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းများကြောင့် ကလေးအလုပ်သမားဖြစ်နိုင်ခြေ တိုးမြင့်လာသည်နှင့်အမျှ 3Rs သည် အန္တရာယ်ရှိသော ရပ်ရွာများနှင့် လုပ်ငန်းခွင်များရှိ ကလေးများ၊ လူငယ်များနှင့် ၎င်းတို့၏ မိသားစုများအကြား ကလေးသူငယ်များအခွင့်အရေး၊ အလုပ်သမားများအခွင့်အရေးနှင့် ကျား/မတန်းတူညီမျှမှုများကို နားလည်သဘောပေါက်ရန် အရေးတကြီးလိုအပ်မှုကို အလေးပေးဖော်ပြနေပါသည်။

သင်ခန်းစာ ၁၁ ခု ပါဝင်သော သင်ကြားရေးအစီအစဉ်သည် ဘက်စုံ စွမ်းဆောင်ရည်မြင့်တင်ရန်အတွက် မရှိမဖြစ် လိုအပ်သော အကြောင်းအရာ အများအပြားကို ထည့်သွင်းပါဝင်ပါသည်။ ကလေးအခွင့်အရေးများကို နားလည်သဘောပေါက်ခြင်းမှသည် ကျား/မတန်းတူညီမျှမှုကို မြှင့်တင်ခြင်းအထိ၊ 3Rs အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်သည် အပြုသဘောဆောင်သောပြောင်းလဲမှုအတွက် အထောက်အကူတစ်ခုအဖြစ် ပိုမိုမျှတပြီး အားကောင်းသည့်လူ့အဖွဲ့အစည်းကို ဖန်တီးရန် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးပါသည်။


**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က)၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org


ISBN 978-92-2-039927-9